ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )

စာအမှတ်၊ SSE/NM/၀၀၅ /၂၀၁၇

ရက်စွဲ၊ ၂၀၁၇ - ခုနှစ်၊ ဖေဖော်ဝါရီလ ( ၂၈ ) ရက်။

အကြောင်းအရာ။ ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည် ညွှန်း ချက် ။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ (၂၂.၀၂.၂၀၁၇) ရက်စွဲပါ စာအမှတ်၊ စွမ်းအင်/အုပ်ချုပ်-စီမံ/၁၀/၆(၂၉၅)၂၀၁၇

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်ရတနာစီမံကိန်းရှိ M6-B1 တွင် Badamyar Project အရ ရှာဖွေရေးတွင်း (အောင်ရတနာ-၁)တွင်းတူးဖော်ရေးလုပ်ငန်းများအား Jack-UP Drilling Rig "Petro Vietnam Drilling-1" (Call Sign : 3WNX) ဖြင့် (၀၁.၀၃.၂၀၁၇) ရက်နေ့မှ (၃၀.၀၆.၂၀၁၇) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တွင်းတူးဖော်မည့် တည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Aung Yadana-1 | 14° 52′ 44.55″ N | 94° 53′ 36.34″ E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်ရတနာစီမံကိန်းရှိ M6-B1 တွင် Badamyar Project အရ ရှာဖွေရေးတွင်း (အောင်ရတနာ-၁) တွင်းတူးဖော်ရေးလုပ်ငန်းများအား Jack-UP Drilling Rig "Petro Vietnam Drilling-1" (Call Sign : 3WNX) ဖြင့် (၀၁.၀၃.၂၀၁၇) ရက်နေ့မှ (၃၀.၀၆.၂၀၁၇) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေး အတွက် အထက်ဖော်ပြပါလုပ်ငန်းခွင် တွင်းတည်နေရာမှ ရေမိုင် (၅) မိုင် ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်း

သွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မြင့်ဦး-ညွှန်ကြားရေးမှူး(SSE)